Chin National Community - Japan
在日チン民族協会
ချင်းတိုင်းရင်းသားများအဖွဲ့အစည်း – ဂျပန်
www.cncjp.org

# ၆၃နှစ်မြောက် ချင်းအမျိုးသားနေ့ထုတ်ပြန်ကြေညာချက်

၂၀၁၁ခုနှစ် ဖေဖော်ဝါရီလ(၂၀) ရက်နေ့သည် ချင်းအမျိုးသားများ၏ (၆၃)နှစ်မြောက် ချင်းအမျိုးသားနေ့ အခါသမယဖြစ်ပါသည်။မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေး၊ လူ့အခွင့်အရေးတန်းတူခံစားခွင့်ရရှိရေး၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ထူထောင်ရေး၊ စစ်အာဏာရှင်စနစ် ဖြုတ်ချရေးအတွက် လှုပ်ရှားကြသော ဂျပန်နိုင်ငံရောက် ချင်းတိုင်းရင်းသားများ အဖွဲ့အစည်း(ဂျပန်) Chin National Community–Japan (CNC-Japan)မှ (၆၃)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် ကြေညာချက်ကိုထုတ်ပြန်လိုက်ပါသည်။

ချင်းအမျိုးသားနေ့၏ အနှစ်သာရသည် ချင်းလူမျိုးများက မိမိတို့၏ လူ့ဘောင်အဖွဲ့အစည်း (Chin Society) အတွင်း အုပ်ချုပ်ရေးစနစ်ကို လူ့အခွင့်အရေးပြည့်ဝစွာ ခံစားခွင့်ရှိသော ဒီမိုကရေစီ စနစ်ဖြင့်အုပ်ချုပ်ရန်နှင့် ပြည်ထောင်စုကြီး အတွင်းတွင် ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူအခွင့်အရေး ခံစားကြရန် ဟူသော အနှစ်သာရဖြစ်ပါသည်။ကမ္ဘာပေါ်တွင် ချင်းလူမျိုးများသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ကိုယ်ပိုင်နယ်မြေကို ပိုင်ဆိုင်သော လူမျိုးတစ်မျိုးဖြစ်ကြောင်း ကြေညာခြင်း အနှစ်သာရဖြစ်ပါသည်။

ချင်းလူမျိုးတို့သည် ရှေးမူလကပင် လွတ်လပ်သော ကိုယ်ပိုင် ပိုင်နက်နယ်မြေတွင် ကိုယ်ပိုင်စော်ဘွား အုပ်ချုပ်ရေးစနစ်ဖြင့် မည်သည့်လူမျိုး၏ ကျူးကျော်အုပ်ချုပ်မှုကိုမျှ မခံရဘဲနေထိုင်ခဲ့ကြသော လူမျိုးဖြစ်ပါသည်။ နယ်ချဲ့ အင်္ဂလိပ်တို့သည် ဗမာဘုရင်နိုင်ငံတော်ကို ၁၈၈၅ ခုနှစ်တွင်အပြီးသိမ်းပိုက် အုပ်ချုပ်နိုင်ခဲ့သော်လည်း ချင်းလူမျိုးနှင့် ချင်းတောင်တန်းဒေသကို ၁၈၈၅ခုနှစ်တွင် သိမ်းပိုက်နိုင်ခြင်းမရှိသေးပေ။ခက်ခဲစွာ အကြိမ်ကြိမ် တိုက်ခိုက်ပြီး ၁၈၉၀ခုနှစ် မှစ၍ချင်းတောင်တန်းဒေသများကို အဆင့်ဆင့်သိမ်းယူခဲ့ပါသည်။ ၁၈၉၆ ခုနှစ်တွင် Chin Hills Regulation Act(1896) ပြဋ္ဌာန်းနိုင်သည့် အချိန်မှစ၍ ချင်းလူ့ဘောင်အဖွဲ့အစည်း၏ ကိုယ်ပိုင်နယ်မြေနှင့် အုပ်ချုပ်ရေးစနစ်များသည် အင်္ဂလိပ်အုပ်ချုပ်မှု အောက်သို့ အပြီးတိုင် ကျရောက်ခဲ့ရပါသည်။

နယ်ချဲ့ဆန့်ကျင်ရေး စစ်ပွဲများ၊ နယ်ချဲ့အင်္ဂလိပ် လက်အောက်မှ လွတ်လပ်ရေးရရှိနိုင်ရေး ကြိုးပမ်းမှုများတွင် ဗမာအပါအဝင် တိုင်းရင်းသားပေါင်းစုံတို့သည် အသီးသီးတော်လှန်ပါဝင်ခဲ့ကြပါသည်။ ဗမာအပါအဝင် တိုင်းရင်းသားပေါင်းစုံတို့မှ လွတ်လပ်ရေးကို အတူရယူကြပြီး ပြည်ထောင်စုနိုင်ငံတော်ကို ထူထောင်ရန် ဆန္ဒရှိကြပါသည်။ ၁၉၄၇ ခုနှစ်ဖေဖော်ဝါရီလ(၁၂) ရက်နေ့တွင် တိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ ဗမာကိုယ်စား ဗိုလ်ချုပ်အောင်ဆန်းမှ လက်မှတ်ရေးထိုးကာ သမိုင်းဝင်ပင်လုံစာချုပ်ကြီး ပေါ်ပေါက်လာပါသည်။ နယ်ချဲ့အင်္ဂလိပ် ကိုလိုနီလက်အောက်တွင် နေခဲ့ကြရသော ဗမာမင်းနိုင်ငံ(တနည်း) Proper Burma နှင့် ကချင်၊ ချင်း၊ ရှမ်း စသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တောင်တန်းဒေသ အုပ်ချုပ်ရေး နယ်မြေများက လွတ်လပ်ရေးကို အတူရယူကြပြီး ပြည်ထောင်စုကြီးကို ထူထောင်ရန် စာချုပ်ချုပ်ဆိုကြခြင်း ဖြစ်ပါသည်။

အင်္ဂလိပ်လက်အောက် မကျရောက်မီက သီးခြားလွတ်လပ်ခဲ့သော ဗမာမင်းနိုင်ငံနှင့် သီးခြား လွတ်လပ် ခဲ့သော တိုင်းရင်းသားများ၏ စော်ဘွား၊ ဒူးဝါး၊ တောင်ပိုင်များ၏ ကိုယ်ပိုင်နယ်မြေများ ပူပေါင်းကာ ပြည်ထောင်စု မြန်မာနိုင်ငံတော်သစ်ကြီး UNION of BURMA သည် ၁၉၄၈ ခုနှစ်ဇန္နဝါရီလ(၄)ရက်နေ့တွင် စတင်ပေါ်ပေါက်ခဲ့ပါသည်။ ချင်းတိုင်းရင်းများနှင့် ဗမာခေါင်းဆောင်များသည် ၁၉၄၇ခုနှစ်မတ်လ(၄)ရက်နေ့မှ(၆)ရက်နေ့ အထိ ထီးလင်းမြို့တွင် ချင်း-ဗမာ ချစ်ကြည်ရေးညီလာခံကြီးကို ကျင်းပပြီး ဗမာခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်းကိုယ်စား ဒီဒုတ်ဦးဘချို ခေါင်းဆောင်သော ဗမာအဖွဲ့နှင့် ဦးဝမ္မသူးမောင်းခေါင်းဆောင်သော ချင်းအဖွဲ့တို့ ချင်းဗမာချစ်ကြည်ရေး စာချုပ်ကို ချုပ်ဆိုကာ ချစ်ကြည်ရေးကျောက်တိုင်ကိုလည်း စိုက်ထူခဲ့ကြပါသည်။

ဗမာပြည် အရှေ့ခြမ်းရှိ ရှမ်းဒေသများ၊ ဗမာပြည် မြောက်ဘက်ရှိ ကချင်ဒေသများ၊ ဗမာပြည် အနောက်ဘက်ခြမ်းရှိ ချင်းဒေသများ ပူးပေါင်းကာ ပြည်ထောင်စုကြီး ပေါ်ပေါက်လာရန်အတွက် အလွန်အရေးပါသော သဘောတူညီချက်များ ဖြစ်ပါသည်။

အင်္ဂလိပ်ကိုလိုနီ လက်အောက်တွင် ချင်းဒေသတခုလုံးသည် အိန္ဒိယ၊မြန်မာ၊ ဘင်္ဂလားဒေ့ရှ်(ယခင်အရှေ့ပါကစ္စတန်) ဒေသ (၃)ခု၌ ခွဲခြမ်းခြင်း ခံခဲ့ရပါသည်။ ယင်းဒေသများအတွင်း ချင်းမျိုးနွယ်စု အများအပြားနေထိုင်ကြပြီး ကွဲပြားသော ဘာသာစကားကို ပြောဆိုသုံးစွဲကြသည်။ ယင်းတို့ပြောဆိုသော ဘာသာစကားအသီးသီး၌ လူမျိုးကိုယ်စားပြုအမည်နာမသည်လည်း ကွဲပြားသည်။ စုပေါင်းလွတ်လပ်ရေး ရယူရန် အစီအစဉ်အရ ချင်းလူမျိုးနှင့် Chinland သည် ပြည်ထောင်စုကြီးကို စတင်ထူထောင်သော လူမျိုး၊ ပြည်ထောင်စုနိုင်ငံတော်ကို ပူးပေါင်းတည်ထောင်သော Chinland ဖြစ်လာပါသည်။ ထိုအချိန်က ချင်းပြည်နယ်ဟု မခေါ်သေးပဲ ချင်းဝိသေသတိုင်းဟု ခေါ်ခဲ့ပါသည်။

ဘုရင်အုပ်ချုပ်ရေးစနစ်၊ စော်ဘွား၊ ဒူးဝါး အုပ်ချုပ်ရေး စနစ်များဖြင့် အုပ်ချုပ်ခဲ့ကြရာမှ လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖြစ်လာသည့်အခါ၊ ပါလီမန်ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ဖြင့် တိုင်းပြည်ကို အုပ်ချုပ်ရန် ဖြစ်လာသည်။ကျွန်ုပ်တို့ချင်းလူ့ဘောင်အဖွဲ့အစည်းတွင်လည်း နယ်ချဲ့အင်္ဂလိပ်သိမ်းပိုက်စဉ်က စော်ဘွားအုပ်ချုပ်ရေး စနစ်ဖြင့် အုပ်ချုပ်ခဲ့သည်ဖြစ်ရာ လွတ်လပ်ရေးရပြီးနောက် ချင်းလူ့ဘောင်အဖွဲ့အစည်းကို မည်သည့်အုပ်ချုပ်ရေးစနစ်ဖြင့် သွားကြမည်ကို ၁၉၄၈ ခုနှစ်ဖေဖော်ဝါရီလ (၁၉)ရက်နေ့မှ (၂၂)ရက်နေ့အထိ ဖလမ်းမြို့တွင် ချင်းလူထု ၅၀၀၀ တက်ရောက်သော လူထုအစည်းအဝေးကြီးကိုခေါ်ယူပြီး ဆန္ဒခံယူပွဲကျင်းပခဲ့သည်။ ချင်းလူထုမှ ပါလီမန် ဒီမိုကရေစီ စနစ်ဖြင့် သွားရန် တခဲနက်ဆုံးဖြတ်ခဲ့ကြသည်။ထိုပွဲတွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသောသမ္မတ စဝ်ရွှေသိုက်တက်ရောက်ခဲ့ပါသည်။

လွတ်လပ်ရေးကိုအတူရယူခဲ့ကြသော ပြည်ထောင်စုကြီးတွင် ပင်လုံစာချုပ်၏ အနှစ်သာရများကို ယနေ့တိုင် လက်တွေ့အကောင်အထည် မဖော်နိုင်သေးပါ။ထို့အပြင် ၁၉၆၂ခုနှစ် မတ်လ(၂)ရက်နေ့မှ ယနေ့အထိ အသွင်သဏ္ဍာန်အမျိုးမျိုး ပြောင်းနေသော စစ်အာဏာရှင်များ လက်အောက်တွင် မြန်မာနိုင်ငံသားအားလုံး၊ ကျွန်ုပ်တို့ ချင်းတိုင်းရင်းသားများ အပါအဝင် မိမိတို့၏ မူလအခွင့်အရေးများ၊ လူ့အခွင့်အရေးများ၊ ဒီမိုကရေစီအခွင့်အရေးများကို ဆုံးရှုံးလျက်ရှိနေကြပါသည်။ မိမိတို့၏ ဘိုးဘွားပိုင်မြေနှင့်လူမျိုးကိုပါ မျိုးပြုန်းပျောက်ကွယ်စေရန် စနစ်တကျ ဖိနှိပ်ညှင်းပန်းခြင်း ခံနေရပါသည်။ယနေ့ တိုင်းပြည်သည် ကမ္ဘာ့အဆင်းရဲဆုံးစာရင်းဝင် နိုင်ငံဖြစ်ရပြီး ပြည်တွင်းစစ်နှင့် ရင်ဆိုင်နေရသည့်အပြင် တိုင်းရင်းသားများ၏ ဒေသနှင့် အသက်အိုးအိမ်စည်းစိမ်များ နေ့စဉ်ဆုံးရှုံးနေရပါသည်။

ယနေ့ကြုံနေရသော ပြဿနာများသည် တိုင်းရင်းသားများဖက်မှ စတင်ခဲ့သော ပြဿနာ မဟုတ်ပါ။ တိုင်းရင်းသားများတွင် ပြဿနာမရှိပါ။ အုပ်ချုပ်မှုအာဏာ အဆက်ဆက်ကို ယူထားကြသော အာဏာရှင်များကြောင့်သာ ဖြစ်ပါသည်။ဗမာတိုင်းရင်းသားအပါအဝင် ဒီမိုကရေစီကိုလိုလားသော တိုင်းရင်းသားအားလုံးနှင့် နိုင်ငံသားတိုင်းသည် အတုအယောင်ရွေးကောက်ခံ၊ အသွင်ပြောင်းစစ်အာဏာရှင်များအား စုပေါင်းဆန့်ကျင် ဖြုတ်ချရန်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(၁)ZNC ပါတီညီလာခံတွင် ကြေညာခဲ့သော ကလေးမြို့ကြေညာစာတမ်း၏ အနှစ်သာရဖြစ်သော ခွဲထွက်ရေးမှုမဟုတ်၊ စစ်မှန်သောပြည်ထောင်စု ပေါ်ပေါက်ရေး တောင်းဆိုချက်ကို ထောက်ခံပါသည်။ ဒုတိယပင်လုံခေါ် ၂၁ရာစု ပင်လုံညီလာခံ ပေါ်ပေါက်ရေးကို ထောက်ခံကြောင်းတောင်းဆိုပါသည်။

(၂) နိုင်ငံရေး အကျဉ်းသားများအားလုံး လွှတ်ပေးရန်၊ တွေ့ဆုံဆွေးနွေးရေး နည်းလမ်းဖြင့် နိုင်ငံရေးပြဿနာများကို ဖြေရှင်းရန် တောင်းဆိုပါသည်။

(၃)ပင်လုံစာချုပ်ပါ အနှစ်သာရများကို ပစ်ပယ်ထားသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံသော ၂၀၁၀ ရွေးကောက်ပွဲအရ ဖွဲ့စည်းလိုက်သော အစိုးရသစ်သည် ပြည်သူများနှင့်တိုင်းရင်းသားများကို ကိုယ်စားပြုသော အစိုးရမဟုတ်ကြောင်း ကြေညာပါသည်။

(၄)ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲပြီး ငြိမ်းချမ်းစွာ တိုးတက်နိုင်ရေးအတွက် လက်ရှိအမည်ခံအစိုးရသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တွေ့ဆုံဆွေးနွေးရေးနည်းလမ်းဖြင့် နိုင်ငံရေးပြဿနာများကို ဖြေရှင်းရန် တိုက်တွန်းလိုက်ပါသည်။အကယ်၍ တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအတွက်ရှေ့ရှုခြင်းမရှိပဲ မိမိတို့အာဏာ တည်မြဲရေးအတွက် ဆက်လက်လုပ်ဆောင်နေပါက တိုင်းပြည်အခြေအနေသည် ပိုမိုဆိုးရွားလာမည် ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

(၅)ကျွန်ုပ်တို့ချင်းလူမျိုးများသည် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေး၊ တန်းတူအခွင့်အရေးရှိသော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးအတွက် ဒုတိယပင်လုံ(ခေါ်)၂၁ရာစု ပင်လုံသဘောတူညီမှု ပေါ်ထွန်းသည်အထိ တိုက်ပွဲဝင်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ချင်းတိုင်းရင်းသားများအဖွဲ့အစည်း(ဂျပန်)**